အခမဲ့ ကျန်းမာရေးဝန်ဆောင်မှုများ ခံစားခွင့်ကို ရယူလိုက်ပါ

အရေးကြီးသော စစ်ဆေးမှုများကို သင်မလုပ်ဘဲ ထားပါသလား သို့မဟုတ် ကုန်ကျစရိတ်အတွက် စိုးရိမ်နေပါသလား။ မီချီဂန်ပြည်နယ် ကျန်းမာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများဌာန (Michigan Department of Health and Human Services) နှင့်ဆိုလျှင် သင့်ကျန်းမာရေးကို ပိုမိုကောင်းမွန်စေရန်နှင့် အခမဲ့ ဆေးဘက်ဆိုင်ရာ အကူအညီကို ရယူရန် လွယ်ကူပါသည်။

မီချီဂန်ပြည်နယ်ရှိ အမျိုးသမီးများအတွက် ရရှိနိုင်သည့် ပရိုဂရမ်နှစ်ခုကို ကြည့်လိုက်ပါ။

BC3NP

ရင်သားနှင့် သားအိမ်ခေါင်းကင်ဆာ ထိန်းချုပ်ရေး လမ်းညွှန်ပရိုဂရမ် (Breast & Cervical CancerControl Navigation Program) သည် အာမခံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အသက် 21 နှစ်မှ 64 နှစ်အထိ ဝင်ငွေနည်းပါးသော အမျိုးသမီးများအတွက် နောက်ဆက်တွဲ ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှု ကုန်ကျစရိတ်များ ကျခံပေးနေပါသည်။ ယင်းအပြင် BC3NP က ကင်ဆာကုသမှုအတွက် မပေးချေသည့်တိုင် ရင်သား သို့မဟုတ် သားအိမ်ခေါင်းကင်ဆာရှိကြောင်း တွေ့ရှိရသော အမျိုးသမီးများသည် ယင်းအတွက် ပေးချေသော အထူး Medicaid ပရိုဂရမ်တစ်ခုကို ရခြင်းရှိနိုင်ပါသည်။

မေးမြန်းလိုပါက **BC3NP@michigan.gov** ကိုဆက်သွယ်ပါ။

WISEWOMAN

ပြည်နယ်အတွင်းရှိ ရွေးချယ်ထားသော နေရာများတွင် ရရှိနိုင်သည့် WISEWOMAN ပရိုဂရမ်သည် သင့်တွင် နာတာရှည်ရောဂါဖြစ်လာနိုင်သည့် အန္တရာယ်များကို နားလည်စေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံ ရွေးချယ်စရာများကို ပြုလုပ်နိုင်စေရန် ကူညီပေးနိုင်ပါသည်။ ပါဝင်သူတိုင်းသည် အခမဲ့ ကျန်းမာရေးစီစစ်မှုတစ်ကြိမ်ကို ရရှိမည်ဖြစ်ပြီး ကျန်းမာရေးနည်းပြတစ်ဦးနှင့် စကားပြောခွင့်လည်း ရရှိပါမည်။ ယင်းအပြင် သတ်မှတ်ချက်နှင့်ညီသော အမျိုးသမီးများသည် ကျန်းမာရေးနှင့် ညီညွတ်သော အပြုအမူ ပံ့ပိုးကူညီရေး အခမဲ့ဝန်ဆောင်မှုများတွင် ပါဝင်ရန် ရွေးချယ်နိုင်ပါသည်။

မေးမြန်းလိုပါက **MDHHS-MIWISEWOMAN@michigan.gov** ကိုဆက်သွယ်ပါ။

ရင်သားနှင့် သားအိမ်ခေါင်းကင်ဆာ ထိန်းချုပ်ရေး လမ်းညွှန်ပရိုဂရမ် (BC3NP) နှင့် WISEWOMAN ပရိုဂရမ်တို့အကြောင်းကို ပိုမိုလေ့လာရန်အတွက် 844-446-8727 သို့ဖုန်းဆက်ပါ သို့မဟုတ် Michigan.gov/Cancer သို့ သွားရောက်ပါ။

စကားပြန်များ ရှိပါသည်။